# အလုပ်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း ရပ်ဆိုင်းထား

NEJ

၂၆ ဩဂုတ် ၂၀၀၅ / ၁၈း၀၀




မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့က အလုပ် (JOB) ဖြင့် နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို ရပ်ဆိုင်းထားကြောင်း နိုင်ငံကူးလက်မှတ် အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူတဦးက ပြောသည်။

ပြီးခဲ့သည့်လဆန်းပိုင်းကစ၍ အလုပ်နိုင်ငံကူးလက်မှတ် လျှောက်ထားသူများသည် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများက ထောက်ခံချက်ပေးထားပြီးဖြစ်သည့် တရားဝင် ကုမ္ပဏီအလုပ်ခေါ်စာ အစစ်များကို ပြသရသည်။

"အခုလို ခေါ်စာအစစ်တောင်းတော့ အလုပ်နိုင်ငံကူးလက်မှတ်ပေးတာ ပိတ်လိုက်သလို ဖြစ်သွားတယ်။ စစ်မှုထမ်းဟောင်းအဖွဲ့ပိုင် ရွှေအင်းဝကုမ္ပဏီ၊ ကြံ့ဖွံ့အဖွဲ့ပိုင် မြန်မာ့မာန်ကုမ္ပဏီလီမိတက်တွေနဲ့ ပေါင်းပြီး အလုပ်သမားစေလွှတ်တဲ့ ကုမ္ပဏီတွေက လျှောက်တာတော့ ခွင့်ပြုတယ်" ဟု အဆိုပါ အကျိုးဆောင်ဖြစ်သူက ရှင်းပြသည်။

နိုင်ငံကူးလက်မှတ် လျှောက်ထားသူအများစုသည် အလွယ်ကူဆုံးဖြစ်သည့် အလုပ်နိုင်ငံကူးလက်မှတ်ကို လျှောက်ထားကြပြီး ယခင်က နိုင်ငံကူးလက်မှတ်ရုံးမှ ပြုလုပ်ပေးသည့် ခေါ်စာအတုများဖြင့်သာ လျှောက်လေ့ရှိကြသည်။

အလုပ်နိုင်ငံကူးလက်မှတ် လျှောက်ထားမှု စည်းကမ်းတင်းကြပ်လိုက်သည့်အတွက် စစ်အစိုးရ ကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းမရှိသည့် ကုမ္ပဏီများမှ အလုပ်သမားများ အခက်အခဲဖြစ်ကြရကြောင်း နိုင်ငံကူးလက်မှတ် လျှောက်ထားသူများက ပြောသည်။

ယခုနောက်ပိုင်း အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာမည့်သူများသည် အလည်အပတ် နိုင်ငံကူးလက်မှတ်များကိုသာ လျှောက်ထားကြတော့ကြောင်း သိရသည်။

ယင်းသို့ အလည်အပတ်နိုင်ငံကူးလက်မှတ် လျှောက်ထားရန် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာသံရုံးတွင် အခွန်ဆောင်ထားသည့် မြန်မာနိုင်ငံသား သို့မဟုတ် သက်ဆိုင်ရာနိုင်ငံသားများ၏ မြန်မာနိုင်ငံသံရုံးမှ ခွင့်ပြုပြီးဖြစ်သည့် ခေါ်စာပြသရန် လိုအပ်သည်။

"နိုင်ငံကူးလက်မှတ် စိစစ်ခွင့်ပြုတာ၊ တပတ်အတွင်း ထုတ်ပေးမယ်ဆိုတာ ခဏပဲ။ နှစ်ပတ်လောက်ပြီးတာနဲ့ အဲဒါပျက်သွားတယ်။ နောက်ပိုင်း တလ၊ တလခွဲ၊ ခုဆို နှစ်လကျော်ကြာတယ်" ဟု အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများက ပြောသည်။

နိုင်ငံကူးလက်မှတ် လျှောက်ထားသူ အားလုံးနီးပါးသည် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးနှင့် ချိတ်ဆက် အသိအမှတ်ပြုခံထားရသူ ပွဲစားများမှသာ တဆင့်လုပ်ကိုင်ကြရပြီး လူတဦးအတွက် ကျပ် (၇) သောင်းမှ (၈) သောင်းခန့်အထိ ကုန်ကျကြောင်း သိရသည်။ ■